# သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၌
# ကျင့်သုံးမည့် Credit System ဆိုင်ရာ သတ်မှတ်ချက်များ

(၂၀၁၈-၂၀၁၉) ပညာသင်နှစ်မှစတင်၍ Semester-wise Credit System ကျင့်သုံးနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် သတင်းအချက်အလက်နည်းပညာတက္ကသိုလ် ပညာရေးအဖွဲ့ သည် အောက်ပါအတိုင်း ဆွေးနွေးဆုံးဖြတ်သတ်မှတ်လိုက်သည်-

**၁။ Credit Unit သတ်မှတ်ခြင်း**

- သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၏ ဘာသာရပ်တခုစီအား သင်ကြား/သင်ယူချိန် (Lecture) နှင့် ကျောင်းသားများ၏ workload (Tutorial/ Discussion/ Assignment/ Practical) အရ Credit Unit ကို သတ်မှတ်ပါသည်။
- ကျောင်းသား၊ ကျောင်းသူများသည် ဘာသာရပ်အလိုက် သင်ကြား/သင်ယူချိန် (Lecture) နှင့် ကျောင်းသားများ၏ workload ၈၀% နှင့်အထက် ရရှိမှသာ ထိုဘာသာရပ်အတွက် Credit ရရှိမည်ဖြစ်ပါသည်။
- ဒုတိယနှစ်သင်တန်း မှ ပဥ္စမနှစ်သင်တန်းအထိ သင်ကြားနေသော ဘာသာရပ်တစ်ခုစီအတွက် 3 Credit Uint သတ်မှတ်ထားပါသည်။
- ပထမနှစ်သင်တန်းတွင် သင်ကြားနေသော ဘာသာရပ်များ၏ Credit Unit များကို အောက်ပါအတိုင်း သတ်မှတ်ပါသည်-

**ပထမနှစ်သင်တန်း(First Semester)**

| No. | Subject Code | Subject Title | Credit Unit |
|---|---|---|---|
| 1 | M-1100 | Myanmar | 2 |
| 2 | E-1100 | English | 3 |
| 3 | P-1100 | Physics | 3 |
| 4 | CST-1101 | Fundamentals of Computer System | 3 |
| 5 | CST-1102 | Discrete Structure I + Calculus I | 3 |
| 6 | CST-1103 | Basic Data Structures | 3 |
| **Total Credit Units** | | | **17** |

ပထမနှစ်သင်တန်း(Second Semester)

| No. | Subject Code | Subject Title | Credit Unit |
|---|---|---|---|
| 1 | M-1200 | Myanmar | 2 |
| 2 | E-1200 | English | 3 |
| 3 | P-1200 | Physics | 3 |
| 4 | CST-1201 | Programming in C++ | 3 |
| 5 | CST-1202 | Discrete Structure II + Calculus II | 3 |
| 6 | CST-1203 | Web Programming | 3 |
| Total Credit Units | | | 17 |

3 Credit Unit Subject အတွက် Lecture Hours နှင့် Tutorial/ Discussion/ Assignment/ Practical Hours ရှင်းလင်းဖော်ပြချက်

| Description | Hours per week (1 week) | Hours per semester (15 weeks) | Credit Unit |
|---|---|---|---|
| Lecture Hours | 2 | 30 | 2 |
| Tutorial/ Discussion/ Assignment/ Practical Hours | 2 | 30 | 1 |
| **Total** | 4 | 60 | 3 |

2 Credit Unit Subject အတွက် Lecture Hours နှင့် Tutorial/ Discussion/ Assignment/ Practical Hours ရှင်းလင်းဖော်ပြချက်

| Description | Hours per week | Hours per semester | Credit Unit |
|---|---|---|---|
| Lecture Hours | 1 | 15 | 1 |
| Tutorial/ Discussion/ Assignment/ Practical | 2 | 30 | 1 |
| **Total** | 3 | 45 | 2 |

## ၂။ ဆရာ၊ဆရာမများနှင့် ထိတွေ့ချိန် (Contact Hours) အတွက် သတ်မှတ်ချက်များ

- ကျောင်းသား၊ကျောင်းသူများအား အကဲဖြတ်စစ်ဆေးရာတွင် ဘာသာရပ်တစ်ခုချင်းစီ၌ Lecture ချိန်တက်ရောက်မှုတွင် Student Assessment for Class Participation အကဲဖြတ်ရမှတ် (၁၀) မှတ် သတ်မှတ်ထားပါသည်။
- Lecture စာသင်ချိန်(၁၀)မိနစ်ထက် ပိုမိုနောက်ကျပါက မှတ်သားထားမည်ဖြစ်ပြီး (၃)ကြိမ်ပြည့် ပါ က (၁)ချိန် ပျက်ကွက်သည်ဟု သတ်မှတ်ပါမည်။
- Lecture (၁)ချိန်ပျက်ကွက်ပါက (၁)မှတ် လျှော့မည်ဖြစ်ပါသည်။

## ၃။ Grade Point သတ်မှတ်ခြင်း

ကျောင်းသား၊ ကျောင်းသူများအား ဘာသာရပ်တစ်ခုချင်းစီအလိုက် စစ်ဆေးအကဲဖြတ်မှုများ ပြုလုပ်၍ အကဲဖြတ်ရမှတ်များပေါ်မူတည်၍ Grade Point များကို သတ်မှတ်ပါသည်။

ကျောင်းသား၊ ကျောင်းသူများအား အောက်ဖော်ပြပါ ပြုလုပ်ဆောင်ရွက်ချက်များပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်သွားပါမည်-

| Description | Percentage of Assessment |
|---|---|
| ▪ Class Participation | 10 % |
| ▪ Continual Assessment (Tutorial/ Discussion/ Assignment/ Practical) | 20% - 30% ( ဘာသာရပ်ပေါ်မူတည်၍) |
| ▪ Summative Assessment (Written Exam) | 70% - 60% ( ဘာသာရပ်ပေါ်မူတည်၍) |

စစ်ဆေးအကဲဖြတ်မှုမှ ရရှိလာသော ရမှတ်များပေါ်မူတည်၍ Grade Letter နှင့် Grade Point များကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်-

| No. | Marks Distribution | Letter Grade | Grade Point |
|---|---|---|---|
| 1 | >=90 | A+ | 4 |
| **2** | **80-89** | **A** | **4** |
| 3 | 75-79 | A- | 3.67 |
| 4 | 70-74 | B+ | 3.33 |
| **5** | **65-69** | **B** | **3** |
| 6 | 60-64 | B- | 2.67 |
| 7 | 55-59 | C+ | 2.33 |

| No. | Marks Distribution | Letter Grade | Grade Point |
|---|---|---|---|
| 8 | 50-54 | C | 2 |
| 9 | 40-49 | D | 1 |
| 10 | <40 | F | 0 |

## ၄။ Grade Point Average (GPA) တွက်ချက်ခြင်း

- Grade Points Earned = Grade Point * Credit Unit

- Grade Point Average (GPA)

  GPA = Total Grade Points Earned/ Total Credit Unit

- Cumulative Grade Point Average (CGPA)

  CGPA = sums of all GPA / number of classes

<u>Example</u>

**First Year, First Semester (Year 1 Semester 1)**

| No. | Subject | Credit Unit | Total Marks Obtained | Letter Grade | Grade Point | Grade Point Earned ( Grade Point * Credit Unit) |
|---|---|---|---|---|---|---|
| 1 | M-1100 | 2 | 70 | B+ | 3.33 | 6.66 |
| 2 | E-1100 | 3 | 75 | A- | 3.67 | 11.01 |
| 3 | P-1100 | 3 | 68 | B | 3 | 9 |
| 4 | CST-1101 | 3 | 86 | A | 4 | 12 |
| 5 | CST-1102 | 3 | 92 | A+ | 4 | 12 |
| 6 | CST-1103 | 3 | 55 | C+ | 2.33 | 6.99 |
| Total Credit Unit | | 17 | Total Grade Point | | | 57.66 |
| GPA | | | | | | 3.39 |

First Year, Second Semester (Year 1 Semester 2)

| No. | Subject | Credit Unit | Total Marks Obtained | Letter Grade | Grade Point | Grade Point Earned ( Grade Point * Credit Unit) |
|---|---|---|---|---|---|---|
| 1 | M-1100 | 2 | 68 | B | 3 | 6 |
| 2 | E-1100 | 3 | 70 | B+ | 3.33 | 9.99 |
| 3 | P-1100 | 3 | 55 | C+ | 2.33 | 6.99 |
| 4 | CST-1101 | 3 | 84 | A | 4 | 12 |
| 5 | CST-1102 | 3 | 89 | A | 4 | 12 |
| 6 | CST-1103 | 3 | 80 | A | 4 | 12 |
| Total Credit Unit | | 17 | Total Grade Point | | | 58.98 |
| GPA | | | | | | 3.47 |

**CGPA =** (3.39 + 3.47)/ 2 = 3.43

## ၅။ Course Registration သတ်မှတ်ချက်များ

- မိမိတက်ရောက်မည့်ဘာသာရပ်များကို စတင်သင်ကြားသည့်အချိန်မှစ၍ (၂)ပတ်အတွင်း Register ပြုလုပ်ရမည်။
- Prerequisite ဘာသာရပ်များ ဖြေဆိုအောင်မြင်ပြီးမှသာ ဆက်နွယ်နေသော ဘာသာရပ်ကို Register ပြုလုပ်ခွင့်ရှိသည်။
- ဘာသာရပ်တစ်ခုကို (၂) ကြိမ်ထက်ပို၍ Register ပြုလုပ်ခွင့် မရှိပါ။

## ၆။ Academic Load သတ်မှတ်ချက်များ

- သတ်မှတ်ထားသော အချိန်ကာလအတွင်း ဘွဲ့ရရှိရန်အတွက် Semester တစ်ခုစီ၌ 17 Credit Units မှ 21 Credit Units ရရှိသည်အထိ ဘာသာရပ်များကို သင်ကြားသင်ယူရမည်။
- ကျောင်းသား၊ ကျောင်းသူ၏စွမ်းဆောင်ရည်အားနည်းသဖြင့် Semester တစ်ခုစီ၌ သတ်မှတ်သင်ယူ ရမည့် Credit Unit ရရှိသည်အထိ ဘာသာရပ်များကို မသင်ယူနိုင်က သက်ဆိုင်ရာ အတန်းပိုင် နှင့် သင်တန်းမှူးကို တင်ပြပြီး ပညာရေးကော်မတီအဖွဲ့၏ ဆုံးဖြတ်ချက်ကို ခံယူရမည်။

## ၇။ Re-exam ဖြေဆိုရန်သတ်မှတ်ချက်များ

- Grade C အောက် ရရှိပါ က Re-exam ပြန်လည် ဖြေဆိုရမည်။
- Re-exam ဖြေဆိုရမည့် ဘာသာရပ်အတွက် စာမေးပွဲကြေးထပ်မံပေးသွင်းရမည်။
- ယခင်ရရှိသည့် Grade Point နှင့် Re-exam ဖြေဆို၍ ရရှိသည့် Grade Point တို့ကို ပျမ်းမျှ တွက်ချက်ယူပါမည်။
- ဘာသာရပ်တခုအား ပုံမှန်စာမေးပွဲ နှင့် Re-exam အပါအဝင် စာမေးပွဲများကို (၄) ကြိမ် ထက်ပိုမို ဖြေဆိုခွင့် မရှိပါ။

<u>Re-exam Period:</u>

- 1st Semester : Last week of May / 1st week of June
- 2nd Semester : 2nd week of November/ 3rd week of November

## ၈။ ဘွဲ့ပေးရန်အရည်အချင်းသတ်မှတ်ချက်များ

အောက်ဖော်ပြပါ အရည်အချင်းအားလုံးပြည့်စုံသော ကျောင်းသား၊ ကျောင်းသူများအား ဘွဲ့ချီးမြှင့်မည် ဖြစ်ပါသည်-

- အများဆုံး သတ်မှတ်ကာလ (၈) နှစ်အတွင်း သတ်မှတ်ထားသော Course များကို တက်ရောက်ပြီး အနည်းဆုံး Credit Unit (160) ရရှိပြီး လုပ်ငန်းခွင်ဝင်သင်တန်း (Internship) ပြီးမြောက်ခြင်း၊
- CGPA (2.0) နှင့်အထက်ရရှိခြင်း၊